# ၂၀၁၇– ၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်
# မန္တလေးတိုင်းဒေသကြီး၏
# နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

# ၂၀၁၅–၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေ

( ၂၀၁၅ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၈။ )

၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်

( ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)

မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၁၅ – ၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၅ – ၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

## အခန်း(၂)

## နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) မန္တလေး တိုင်းဒေသကြီး အစိုးရအဖွဲ့ ၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီး တရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီး အဆင့် ဦးစီးဌာနများ ၊ မြို့တော် စည်ပင်သာယာရေး ကော်မတီနှင့် စည်ပင်သာယာရေး အဖွဲ့များ၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ ဇယား(၁)၊(၂)၊ (၃) တို့တွင် ခွင့်ပြုထားသော အသုံးစရိတ်များအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ် အသီးသီးသည် မိမိနှင့် ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာအသုံးစရိတ်များကို သုံးစွဲ နိုင်သည်။

(ခ) ပုဒ်မခွဲ ( က )တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၅ ခုနှစ်၊ မန္တလေး တိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေအရ ခွင့်ပြုထားသည့်ဘဏ္ဍာငွေခွဲဝေ သုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားတာဝန်ပေးအပ်သည့် အသုံးစရိတ်များကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) အသုံးစရိတ်များကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၅ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ရဲမြင့်
ဝန်ကြီးချုပ်
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံးနှင့်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး

ဇယား (၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၅ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါအမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်အသုံးစရိတ် | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်အသုံးစရိတ် | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းအသုံးစရိတ် | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၇၇၅.၂၆၆ | | | ၂၀၇၃.၇၄၁ | | | | ၃၈၄၉.၀၀၇ |
| ၂ | ၂ | တိုင်းဒေသကြီး လွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | | ၁၁၅.၀၉၂ | | | | ၁၁၅.၀၉၂ |
| ၃ | ၄ | တိုင်းဒေသကြီး ဥပဒေချုပ်ရုံး | တိုင်းဒေသကြီး ဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီး ဥပဒေချုပ်က တာဝန်ပေးသူ | ၁.၃၀၁ | | | ၈.၀၄၅ | | | | ၉.၃၄၆ |
| ၄ | ၅ | တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး | တိုင်းဒေသကြီး စာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီး စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၇.၃၇၀ | | | | | | | ၇.၃၇၀ |
| | | | ပေါင်း | ၁၇၈၃.၉၃၇ | | | ၂၁၉၆.၈၇၈ | | | | ၃၉၈၀.၈၁၅ |

တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့်စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၅ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါအမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်အသုံးစရိတ် | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | သာမန်အသုံးစရိတ် | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းအသုံးစရိတ် | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | |
| ၁ | ၂ | | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ၁ | | ပြည်ထဲရေး | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၇၂.၇၇၀ | | | ၁၉.၇၀၀ | | | | ၉၂.၄၇၀ |
| | | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | | ၁၁.၀၁၅ | | | | ၁၁.၀၁၅ |
| | | ၃ | မီးသတ်ဦးစီးဌာန | | ၇၂.၇၇၀ | | | ၈.၆၈၅ | | | | ၈၁.၄၅၅ |
| ၂ | ၂ | | သမဝါယမ | ၎င်း | ၃.၄၃၉ | | | ၆.၃၈၂ | | | | ၉.၈၂၁ |
| | | ၁ | သမဝါယမဦးစီးဌာန | | ၃.၄၃၉ | | | ၂.၄၈၂ | | | | ၅.၉၂၁ |
| | | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | | | ၃.၉၀၀ | | | | ၃.၉၀၀ |
| ၃ | ၄ | | မွေးမြူရေးရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး | ၎င်း | ၁.၁၅၀ | | | | | | | ၁.၁၅၀ |
| | | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | ၁.၁၅၀ | | | | | | | ၁.၁၅၀ |
| ၄ | ၆ | | အားကစား | ၎င်း | | | | ၁၀၉.၀၄၉ | | | | ၁၀၉.၀၄၉ |
| | | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | | | | ၁၀၉.၀၄၉ | | | | ၁၀၉.၀၄၉ |
| ၅ | ၈ | | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၎င်း | ၆၂.၈၅၀ | | | | | | | ၆၂.၈၅၀ |
| | | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၆၂.၈၅၀ | | | | | | | ၆၂.၈၅၀ |
| ၆ | ၉ | | ဆောက်လုပ်ရေး | ၎င်း | ၄၁၆.၂၀၁ | | | ၅၁၅.၈၄၁ | | | | ၉၃၂.၀၄၂ |
| | | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၁၇၉.၂၁၁ | | | ၅၁၅.၈၄၁ | | | | ၆၉၅.၀၅၂ |
| | | ၂ | လမ်းဦးစီးဌာန | | ၂၃၆.၉၉၀ | | | | | | | ၂၃၆.၉၉၀ |
| ၇ | ၁၀ | | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ | ၎င်း | ၁၀၁၂၂.၅၆၆ | | | ၁၀၉၇.၄၀၉ | | | | ၁၁၂၁၉.၉၇၅ |
| ၈ | ၁၁ | | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | ၃၁၃.၂၂၇ | | | ၈၂၉.၀၃၀ | | | | ၁၁၄၂.၂၅၇ |
| | | | | ပေါင်း | ၁၀၉၉၂.၂၁၁ | | | ၃၃၇၀.၂၉၉ | | | | ၁၄၃၇၀.၅၁၀ |

တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့ အစည်းများ

ဇယား (၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၅ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါအမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်အသုံးစရိတ် | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | သာမန်အသုံးစရိတ် | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းအသုံးစရိတ် | ကြွေးမြီ | | အဖွဲ့ အစည်းများတွင် ရင်းနှီးငွေ | |
| | | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | ၂ | | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | | ပြန်ကြားရေး | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ်တိုင်းဒေသကြီး ဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၁၆.၉၀၀ | | | | | | | ၁၆.၉၀၀ |
| | | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | | ၁၆.၉၀၀ | | | | | | | ၁၆.၉၀၀ |
| ၂ | ၁ | | လျှပ်စစ်စွမ်းအား | ၄င်း | | | | ၁၆၂၀.၁၇၉ | | | | ၁၆၂၀.၁၇၉ |
| | | ၁ | လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း (တိုင်းဒေသကြီးအဆင့်ဆောင်ရွက်ရမည့်တိုးချဲ့လုပ်ငန်းများ) | | | | | ၁၆၂၀.၁၇၉ | | | | ၁၆၂၀.၁၇၉ |
| ၃ | | | ဆောက်လုပ်ရေး | ၄င်း | ၂၃.၈၄၃ | | | | | | | ၂၃.၈၄၃ |
| | | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | ၂၃.၈၄၃ | | | | | | | ၂၃.၈၄၃ |
| | | | | ပေါင်း | ၄၀.၇၄၃ | | | ၁၆၂၀.၁၇၉ | | | | ၁၆၆၀.၉၂၂ |